
# မိုင်းလင်းရွှေတူးဖော်ခြင်းအား ရပ်ဆိုင်းရန်



ရှမ်းတောင်သူလယ်သမားများကွန်ယက်

မိုင်းလင်း ကျေးရွာအုပ်စုအတွင်း ရွှေတူးဖော်ရေးလုပ်ငန်းပြမြေပုံ






## မိုင်းလင်းကျေးရွာအတွင်း ရွှေတူးဖော်ခြင်းအား ရပ်ဆိုင်းရန်

၂၀၀၇ ခုနှစ်မှစ၍ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ တာချီလိတ်မြို့နယ်၊ တာလေမြို့နယ်ခွဲနှင့် မဲခေါင်မြစ်ကြားရှိသည့် လွယ်ခမ်းတောင်ကုန်းများပေါ်တွင် ကုမ္ပဏီပေါင်း ၁၀ ကျော်တို့မှ ရွှေများတူးဖော်လျက်ရှိသည်။ လက်ရှိတွင် တောင်ကုန်းနားတစ်ဝိုက် ၁၁ မိုင်ပတ်လည်ခန့်ရှိ သစ်တောကိုလည်း တူးထုတ်ခဲ့ပြီးဖြစ်ပြီး၊ ယင်းကဲ့သို့ ရွှေတူးဖော်ရာမြေတိုက်စားခြင်းနှင့် ရေထုညစ်ညမ်းခြင်းဖြစ်စေသဖြင့် တူးဖော်ရေးစီမံကိန်းအနီးအနားရှိရွာနှစ်ရွာမှ ဒေသခံလူဦးရေပေါင်း ၃၄၀ ကျော်ခန့်မှီခိုလုပ်ကိုင်စားသောက်လျက်ရှိသော လယ်ယာမြေစိုက်ပျိုးရေးအသက်မွေးဝမ်းကြောင်းမှာလည်း ပျက်စီးဆုံးရှုံးမှုနှင့် ကြုံတွေ့နေရသည်။ စီမံကိန်းတစ်ဝိုက်ရှိ နမ့်ခမ်းချောင်းကို တိုက်ရိုက်အသုံးပြုနေသော ရွာများနှင့်နမ့်လင်းချောင်းကိုမှီခိုအားထားနေရသော အခြားရွာများမှလူဦးရေ ၁၅၀၀ ခန့်သည် ရွှေတူးဖော်ရေးနေရာအားတိုးချဲ့လာခြင်းကြောင့် စိုးရိမ်ပူပန်မှုများ၊ အခက်အခဲများဖြင့် ကြုံတွေ့နေရသည်။ ယင်းသက်ရောက်မှုကိုခံရသည့် ဒေသခံရွာသူရွာသားများမှ ဤရွှေတူးဖော်ရေးစီမံကိန်းများအား ခြွင်းချက်မရှိလုံးဝရပ်ဆိုင်းရန်၊ ပျက်စီးသွားသည့်မြေများ၊



ရွှေတူးဖော်ခြင်းကြောင့် လွယ်ခမ်းတောင်ကုန်းပျက်စီးနေပုံ

ရေအရင်းအမြစ်များအား နဂိုပကတိအတိုင်းဖြစ်ရန်၊ ပြန်လည်ပြုပြင်ပေးရန်နှင့် ဆုံးရှုံးမှုများအားလုံးအတွက် သက်ဆိုင်ရာကုမ္ပဏီများမှ လျော်ကြေးအပြည့်အဝပေးရေးတို့ကို တောင်းခံလျက်ရှိသည်။

## *ကြီးမားကျယ်ပြန့်သည့်ရွှေတူးဖော်ရေးလုပ်ငန်းများကြောင့်လွယ်ခမ်းတောင်ကုန်းများပျက်စီး*

တာချီလိတ်မြို့နယ်၊ တာလေမြို့နယ်ခွဲ၊ မိုင်းလင်း(အနောက်)ကျေးရွာအုပ်စုတွင် တည်ရှိသည့် "လွယ်ခမ်း"(ရှမ်းလိုရွှေတောင်ဟုအဓိပ္ပါယ်ရသော) တောင်ကုန်းများမှာ ရွှေအမြောက်အများထွက်လျက်ရှိသည်။ ၄င်းနေရာဒေသတစ်ဝိုက်နေ ဒေသခံပြည်သူလူထုများမှာ အစဉ်အဆက်အရရွှေများအား စီးဆင်းလျက်ရှိသော နမ့်ခမ်းချောင်းအတွင်း ထုံးတမ်းအစဉ်လာနည်းလမ်းများအရ တစ်နိုင်တစ်ပိုင်ရွှေကျင်ခြင်းများသာရှိသည်။ ၂၀၀၇ ခုနှစ်မတိုင်ခင်အထိ စက်ယန္တယားများအားအသုံးပြုကာ ကြီးမားကျယ်ပြန့်စွာ ရွှေတူးဖော်ခြင်းရွှေကျင်ခြင်းများမရှိခဲ့ပေ။

၂၀၀၇ ခုနှစ်တွင် စိုင်းလောဝ်ဟိန်းကုမ္ပဏီ၊ မင်းဦးအောင်ကုမ္ပဏီ၊ ဟိန်းလင်းစံကုမ္ပဏီ၊ စံပါရမီကုမ္ပဏီနှင့် ဝဏ္ဏသိန်းသန်းကုမ္ပဏီများမှ ယင်းဒေသအတွင်းရွှေများအား စတင်တူးဖော်ခဲ့ကြသည်။ နောက်ပိုင်းတွင် စိုင်းတစ်ကုမ္ပဏီ၊ လွယ်ခမ်းလုံကုမ္ပဏီ၊ စိုင်းစိုက်ပျိုးရေးရင်းနှီးမြုပ်နှံမှုကုမ္ပဏီ၊ ရွှေတောင်ကုမ္ပဏီနှင့်



ရွှေတူးဖော်ရေးစီမံကိန်းလုံခြုံရေးချထားသည့် မြန်မာနယ်ခြားစောင့်တပ်

ခမလကုမ္ပဏီစသည့် ကုမ္ပဏီတို့မှာလည်း ရွှေတူးဖော်ရေးလုပ်ငန်းအတွင်းဝင်ရောက်လာကြသည်။ မြန်မာနယ်ခြားစောင့်တပ် (ယခင်ကလားဟူလက်နက်ကိုင်) လားဟူလက်နက်ကိုင် အင်အားစုခေါင်းဆောင်ဖြစ်သော လက်ရှိခမလကုမ္ပဏီပိုင်ရှင်ခင်မောင်လတ်နှင့်ဆက်နွယ်လျက်ရှိသော ၁၀၀၉ တပ်အားအသုံးပြုကာ ယင်းရွှေတူးဖော်ရေးစီမံကိန်းတစ်ဝိုက် လုံခြုံရေးများလည်းချထားလျက်ရှိသည်။

ကုမ္ပဏီများမှ ယင်းရွှေတူးဖော်လျက်ရှိသော တောများထူထပ်သည့် တောင်ကုန်းများအထိ လမ်းများ ဆက်လက်ဖောက်လုပ်လျက်ရှိသည်။ ယင်းကုမ္ပဏီများမှ စက်ယန္တယားများဖြစ်သော ဒိုင်နမိုက်များ ဘူးဒိုစာ ကြီးများအား အသုံးပြုကာ တောင်ကုန်းမြေများကို တူးထုတ်လျက်ရှိသည်။ ယင်းနောက် အဆိပ်အတောက်ဖြစ်သည့် (cyanide) အမြောက်အများအသုံးပြုကာ ရွှေကျင်ခြင်း၊ တူးဖော်လာသည့် သဲမြေများအတွင်းမှ ရွှေများစစ်ထုတ်ခြင်းနှင့် ရေပမာဏအမြောက်အများကိုလည်း ရွှေကျင်ရာတွင် အသုံးပြုသည်။

ယင်းသို့ ပြုလုပ်ရာတွင် ကုမ္ပဏီများမှ နမ့်ခမ်းချောင်းရေဦးမှ ရေများအားစုပ်ယူကာ ရွှေကျင်ရာတွင် အသုံးပြုပြီး၊ ကြွင်းကျန်အညစ်အကြေးများ၊ ဓါတုဆေးရေများ၊ သဲမြေများကိုမြစ်ချောင်းအောက်နမ့်လင်းဒေသအတွင်း စီးဆင်းသွားသော နမ့်ခမ်းချောင်းအတွင်းပြန်လည်စွန့်ပစ်လျက်ရှိသည်။ ထို့ကြောင့် ချောင်းရေမှ အဆိပ်အတောက်များဖြစ်သည့် (cyanide)နှင့် အခြားသောတွင်းတူးစွန့်ပစ်အညစ်အကြေးများဖြင့် ရောယှက်လျက်ရှိသည်။ ထို့အပြင် ရွှေများတူးထုတ်ရာမှ စွန့်ပစ်မြေများ၊ သဲအမြောက်အများတို့မှာ မိုးရွာသည့်အခါ နမ့်ခမ်းမြစ်ချောင်းတစ်လျှောက် လိုက်ပါစီးဆင်းလာသည်။

## *နမ့်ခမ်းမြစ်ချောင်းတိမ်ကောလာခြင်းနှင့်အဆိပ်အတောက်များပြည့်ဝလျက်ရှိခြင်း*

နမ့်ခမ်းမြစ်ချောင်းအားအမှီပြုနေရသည့် မိုင်းလင်း(အနောက်)ကျေးရွာအုပ်စုအတွင်းရှိသည့် ရွာနှစ်ရွာဖြစ်သည့် နားဟိုင်းလုံနှင့်ဝိန်းမနော်ရွာတို့မှာ လယ်ယာစိုက်ပျိုးရေးဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်။ နမ့်ခမ်းချောင်းသည် ယခင်က ၁၀ ပေခန့်မျှအထိနက်ပြီး အလွန်တစ်ရာမှ ကြည်လင်သည်။ သို့သော် ယခုတွင် ယင်းချောင်းအနက်မှာ ၆ လက်မခန့်သာ ကျန်ပြီးချောင်းရေသည်လည်း ရွံ့မြေများ၊ ရွှေတူးဖော်ရာမ စွန့်ပစ်အညစ်အကြေးများဖြင့် ညစ်ညမ်းလျက်ရှိသည်။ ယခင်က ဒေသခံရွာသားများမှ ချောင်းရေအား နေ့စဉ်လျှော်ဖွတ်ချက်ပြုတ်ခြင်း၊ မိမိတို့လယ်ယာများအားရေပေးခြင်းနှင့် ငါးမျှားခြင်းများစသဖြင့်ချောင်းရေအား မှီခိုအသုံးပြုလျက်ရှိသည်။ ချောင်းဘေးတွင် ယခင်က ပုဇွန်၊ ငါးမွေးမြူရေးကန်များလည်းရှိသည်။ ချောင်းရေအား အသေးစားသဘာဝလျှပ်စစ်ဓါတ်အားထုတ်လုပ်ရာတွင်လည်း အသုံးပြုကြသည်။ သို့သော်

ယခုတွင် ယင်းကဲ့သို့ ချောင်းရေအားမှီခိုအသုံးပြုခဲ့သလို အသုံးမပြု နိုင်တော့ပေ။

လက်ရှိတွင် ချောင်းအနက်မှာတိမ်လာရာ မိုးရွာသည့်အခါ ချောင်းဦးအထက်တောင်ကုန်းများမှ စီးဆင်းလာသောရေများမှာ မြစ်ချောင်းအတိုင်းယခင်ကလိုမစီးဆင်းနိုင်တော့ဘဲ အနီးရှိလယ်ယာစိုက်ပျိုးမြေများ၊ ရွာများအတွင်းစီးဝင်လေ့ရှိသည်။ ထို့သို့စီးဝင်လာသောရေများနှင့်တကွ အဆိပ်အတောက်များ၊ တူးဖော်ရေးမှစွန့်ပစ်အညစ်အကြေးများ၊ သစ်တောများဖျက်ဆီးခြင်းကြောင့် သစ်မြစ်သစ်တုံးများလည်း သဲမြေများနှင့်အတူ လယ်ကွင်းထဲသို့သယ်ဆောင်လာကြသည်။



နမ်. ခမ်းချောင်းတိမ်ကောလာခြင်း

ရေလွှမ်းခြင်းကြောင့် လယ်ယာမြေအတွင်း စိုက်ပျိုးပင်များ၊ သစ်သီးပင်များ (သရက်ပင်၊ အုန်းပင်များ)၊နှင့် မြစ်ချောင်းတစ်လျောက်အခြားသော အပင်များမှာလည်း ပျက်စီးသွားရုံမျှမက၊ ရွာအတွင်းရှိသောက်သုံးရေကန်များမှာ ရေလွှမ်းရာရေဝင်သဖြင့် ပျက်စီးသွားခဲ့သည်။ ထို့အပြင် မြောပါတိုက်စားလာသော သဲမြေများမှာ လူနေအိမ်ခြံဝင်းများ ဘုန်းကြီးကျောင်းများအတွင်း ဝင်ရောက်ဖုံးလွှမ်းခြင်းကြောင့်အိမ်ခြံဝင်းအတွင်း စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်အပင်များ ပျက်စီးသွားခြင်း၊ စိုက်ပျိုး၍မရနိုင်တော့ခြင်း၊ ကြက်များမွေးမြူခြင်းများမပြုလုပ်နိုင်တော့ခြင်း စသည့်ပြဿနာများဖြင့်ကြုံတွေ့နေရသည်။ ရွာသင်္ချိုင်းကုန်းမှာလည်း သဲများမြေများဖုံးလွှမ်းခြင်းကြောင့် ပျက်စီးလျက်ရှိသည်။

## စပါးစိုက်ပျိုးမြေယာများ ၊ဟင်းသီးဟင်းရွက်ခြံများ ပျက်စီးခြင်း

လက်ရှိတွင်နားဟိုင်းလုံရွာနှင့်ဝိန်းမနော်ရွာအနီးတစ်ဝိုက်ရှိ ဒေသခံရွာသားများပိုင်ဆိုင်သော ဧကပေါင်း ၃၅၇ ခန့် လယ်ယာမြေများအားလုံးမှာ မည်သည့်သီးနှံမှစိုက်ပျိုး၍မရနိုင်တော့ပေ။ ယခင်က ယင်းလယ်ယာမြေများအတွင်း ဒေသခံရွာသားများမှ တစ်နှစ်ကိုစပါးနှစ်သီးခန့်စိုက်ပျိုးလျက်ရှိပြီး အခြားသော ဟင်းသီးဟင်းရွက်များလည်း စိုက်ပျိုးကြသည်။ ယနေ့တွင် အချို့သောရွာသားလယ်သမားများမှာ အခြားနေရာဒေသတစ်ဝိုက်မှ လယ်မြေများအား ငှားရန်းကာ စိုက်ပျိုးနေကြရသော်လည်း ထိုဒေသအတွင်း စိုက်ပျိုးနိုင်သော လယ်ယာမြေနေရာမှာ နည်းပါးသဖြင့် ဤသို့ လယ်ယာမြေများအားလုယက်ငှားရမ်းစိုက်ပျိုးရခြင်း စသည့်ပြဿနာများဖြင့်လည်း ကြုံတွေ့နေကြရသည်။



ပျက်စီးသွားသော လယ်ယာ မြေကွက်များ

## မွေးမြူရေး တိရိစ္ဆာန်များ အဆိပ်သင့်ခြင်း

ယခင်က ရွာသားများမှာ မြစ်ချောင်းတစ်လျှောက် မြက်ခင်းပြင်များ ခြံများအတွင်း ၎င်းတို့၏ ကျွဲနွားများအား ကျောင်းလေ့ရှိသည်။ သို့သော် နောက်ပိုင်းတွင် (ရွှေတူးဖော်ရေးစီမံကိန်းစပြီးနောက်) ၎င်းတို့၏ ကျွဲနွားများမှာ ချောင်းအတွင်းမှ ရေများအားသောက်သုံးရာ အဆိပ်သင့် ဖျားနာကာ အချို့မှာ သေဆုံးသွား

ကြသည်။ ထို့ကြောင့် ရွာသားများမှာ မိမိတို့၏ကျန်ရှိနေသေးသည့် ကျွဲနွားများအား ရောင်းပစ်လိုက်ကြရသည်။ မြစ်ချောင်းတစ်လျှောက် မွေးမြူရေးငါးကန်များမှာလည်း ရေအဆိပ်သင့်ခြင်းနှင့် တိမ်ကောသွားခြင်းကြောင့် မွေးမြူ၍မရတော့ပေ။



အဆိပ်မိသောနွား

## ရေထုညစ်ညမ်းခြင်းကြောင့်ဖြစ်ပေါ်လာသော ကျန်းမာရေးပြဿနာများ

ဒေသခံရွာသူရွာသားများမှ ချောင်းရေအားဖြတ်လျှောက်မိသည့်အခါ၊ ရေကြီးသဖြင့် ရေများဖြင့် ထိမိသည့်အခါ အရေပြားယားယံခြင်းများဖြစ်ပေါ်လာတတ်သည်။ အရေပြားပေါ်တွင် ထိခိုက်ပွန်းပဲ့ဒါဏ်ရာ တစ်စုံတစ်ရာရှိပါက ယခင်ဆိုလျှင် ရက်အနည်းငယ်အတွင်း ပျောက်သွားနိုင်သည့် ဒါဏ်ရာမှာ ယခုတွင် ချောင်းရေနှင့်ညစ်ညမ်းရေများဖြင့် ထိမိပါက ဒါဏ်ရာမှာ ပျောက်ကင်းရန်မလွယ်ကူတော့ပေ။ ကလေးငယ်များမှာလည်း အရေပျားယားယံခြင်းစသည့် ရောဂါများဖြင့် ကြုံတွေ့နေရသည်။



အရေပြားယားယံခြင်း

## တူးဖော်ရေးထရက်ကားများကြောင့်လမ်းများပျက်စီးခြင်း

နားယောင်းမှ ယင်းတူးဖော်ရာဒေသအတွင်း ဖောက်လုပ်ထားသည့် လမ်းမကြီးမှ တူးဖော်ရေးဆိုင်ရာ ထရက်ကားများဖြတ်သန်းသွားလာခြင်းကြောင့် ချိုင့်များဖြင့် အလွန်တရာမှ ပျက်စီးနေပြီဖြစ်ရာအခြားသော ကားများဖြတ်သန်းသွားရာတွင် အခက်အခဲများစွာဖြစ်စေသည်။ လမ်းမကြီးတစ်လျှောက် ရွာပေါင်း ၁၁ရွာရှိရာ လမ်းမကြီးပျက်စီးခြင်းကြောင့် ဆိုးကျိုးသက်ရောက်မှုများအား ခံစားနေကြရသော်လည်း တူးဖော်ရေး ကုမ္ပဏီများမှ လမ်းမကြီးအားပြန်လည်ပြုပြင်ပေးရန် တာဝန်ယူခြင်းမရှိပေ။

## စီးပွားရေးမကောင်းသဖြင့်ကလေးများကျောင်းထွက်ရခြင်း၊ လူငယ်များနိုင်ငံခြားသို့သွားရောက်လုပ်ကိုင်ကြရခြင်း

ရွှေသတ္တုတူးဖော်ခြင်းကြောင့် စိုက်ပျိုးရေးဆက်လက်လုပ်ကိုင်နိုင်မှုကျဆင်းသွားပြီး စီးပွားရေး ခြွတ်ခြုံကျကာ မိဘများမှသားသမီးများကို ကျောင်းမထားနိုင်တော့ပေ။ ၂၀၁၃ ခုနှစ်တွင် နားဟိုင်းလုံရွာမှ မိဘများသည် ကျောင်းစရိတ်မတတ်နိုင်တော့သဖြင့် ၄င်းတို့၏ကလေး ၇ ယောက်အားတာလေကျောင်းမှ ကျောင်းထုတ်ပစ်လိုက်ရသည်။

၂၀၀၈ ခုနှစ်မတိုင်မီ နားဟိုင်းလုံရွာအတွင်းရှိ လူငယ်များမှာ စိုက်ပျိုးရေးကောင်းမွန်သဖြင့် ဝင်ငွေကောင်းရာ နိုင်ငံခြားသို့ဝင်ရောက်လုပ်ကိုင်ကြရခြင်းများမရှိပေ။ သို့သော်ယခုတွင် မိမိတို့ရွာအတွင်း လုပ်ကိုင်စားသောက်၍မရတော့ခြင်းကြောင့် နားဟိုင်းလုံရွာအတွင်းလူငယ် ၃ ပုံ ၂ ပုံခန့်တို့မှာ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံများအတွင်းသို့ သွားရောက်အလုပ်လုပ်ကိုင်လာကြရသည်။ လာအိုနိုင်ငံအတွင်း ယင်းလူငယ်များသည် မဲခေါင်မြစ်တစ်လျှောက် ကာစီနိုလောင်းကစားရုံများအတွင်း ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။



အစိုးရစာသင်ကျောင်း

## ဒေသခံရွာသားများမှ လျော်ကြေးငွေအနည်းအကျဉ်းသာ ရရှိ

၂၀၁၂ ခုနှစ်မှစပြီး နားဟိုင်းလုံနှင့်ဝိန်းမနော်ရွာများမှ ရွှေတွင်းတူးဖော်ရေးစီမံကိန်းများအားရပ်ရန် ကုမ္ပဏီများမှ ပျက်စီးသွားသော ဒေသခံရွာသားများ၏ လယ်ယာမြေများအား ပကတိအတိုင်းပြန်လည်ပြုပြင်ပေးရေးနှင့် ပျက်စီးဆုံးရှုံးမှုများအားလုံးအတွက် သက်ဆိုင်ရာကုမ္ပဏီများမှ လျော်ကြေးအပြည့်အဝပေးရန် စသည့်တောင်းဆိုချက်၊ တိုင်တန်းချက်များကို မြို့နယ်အာဏာပိုင်များထံ စာအကြိမ်ကြိမ်ရေးသားခဲ့သည်။ ယင်းဒေသတစ်ဝိုက်နေဒေသခံများမှ စပါးစိုက်ပျိုးရာ လယ်တစ်ဧကကို တစ်နှစ်လျှင်နှစ်သိမ်း ဝင်ငွေအနည်းဆုံး

ဘတ် ၅၀၀၀၀ ခန့် ရရှိသည်။

၂၀၁၂ ခုနှစ်တွင် သက်ဆိုင်ရာကုမ္ပဏီများမှ လယ်မြေတစ်ဧကလျှင် ဘတ် ၁၀၀၀၀ ခန့် သာပေးပြီး၊ ယင်းလျော်ကြေးငွေများကိုလည်း အချို့သောလယ်ယာမြေပိုင်ရှင်များကသာ လက်ခံရရှိသည်။ ၂၀၁၃ ခုနှစ်တွင် ဒေသခံရွာသားများမှ လယ်ယာမြေ ၁၈၁.၉၄ ဧကအတွက် လျော်ကြေးငွေတောင်းသော်လည်း ကုမ္ပဏီများမှ တစ်ဧကလျှင် ဘတ်ငွေ ၁၅၀၀၀ ဖြင့် ဧက ၉၂.၃၅ ဧကအတွက်ကိုသာပေးလျော်ခဲ့သည်။

ယင်းကုမ္ပဏီများမှ ဒေသခံပြည်သူများအား ပေးသောအခြားလျော်ကြေးဆိုင်ရာအထောက်အပံ့များ အကူအညီများမှာ တောင်ကုန်းရေအရင်းမြစ်ရှိရာနေရာမှ နားဟိုင်းလုံရွာအထိ ရေပိုက်များ အချို့သွယ်တန်းပေးထားခြင်းနှင့် ရေလှောင်ကန်ကြီးတစ်ခုချထားပေးသည်။ ယခင်က ဒေသခံများမှာ ချောင်းရေကိုအမှီပြုလျက် ရေအားမီးစက်အသေးစားများအသုံးပြုကာ လျှပ်စစ်မီးများသုံးစွဲလာရာ ရေတိမ်လာခြင်းကြောင့် ရေအားမီးစက်များ အသုံးမပြုနိုင်တော့သဖြင့် ယင်းကုမ္ပဏီများမှ ဒေသခံများအား ဆိုလာပြား ၂၄ ချပ်နှင့် ဘက်ထရီများကိုအစားထိုးပေးခဲ့သည်။ သို့ရာတွင်လည်း ယင်းဘက်ထရီများမှာတစ်နှစ်သာခံသဖြင့် တစ်နှစ်တစ်ကြိမ်အသစ်ပြန်ဝယ်လဲကြရပြီး ကုမ္ပဏီမှပေးသော ဘက္ထရီအခြောက်အမျိုးအစားသည် ပေါက်ကွဲတတ်သည်။



ပျက်စီးဆုံးရှုံးသွားသည့် ဒေသခံအမျိုးသမီးတဦး၏ လယ်ကွက်

# ကုမ္ပဏီများမှ ရွာသားများ တောင်းဆိုမှုများကို ရပ်ဆိုင်းရန် ဖိအားပေး

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ယင်းဒေသခံရွာသူရွာသားများမှ တာချီလိတ်မြို့ ရှမ်းအမျိုးသားများ ဒီမိုဂရက်တစ်ပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ထံ ရွှေတူးဖော်ရေးစီမံကိန်းများအား ရပ်ဆိုင်းရန်နှင့် လျော်ကြေးငွေများအပြည့်အဝပေးဖို့ ကူညီတင်သွင်းပေးရန်တောင်းဆိုခဲ့ကြသည်။ ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်မှ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ထံ ရွှေတူးဖော်ရေးစီမံကိန်းမှ ဒေသခံရွာသားများအပေါ် သက်ရောက်မှုများအား စစ်ဆေးကြည့်ရှုပေးရန် တောင်းခံစာပေးပို့ခဲ့သည်။ ထို့ကြောင့်ပြီးခဲ့သည့် ဧပြီလလယ်တွင် ရှမ်းပြည်နယ်အစိုးရမှ မြို့နယ်အုပ်ချုပ်ရေးမှူးများထံတဆင့် ရွှေတူးဖော်ရေးကုမ္ပဏီများအား ခေတ္တရပ်ဆိုင်းရန် ညွှန်ကြားပေးဖို့တောင်းဆိုခဲ့သည်။ သို့သော်လည်း ရွှေတူးဖော်ရေးစီမံကိန်းကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ယင်းသို့ ဆက်လက်တူးဖော်ရုံမျှမက ယင်းတူးဖော်ရေးကုမ္ပဏီများမှ ဒေသခံရွာသူရွာသားများအား ၎င်းတို့၏ တောင်းဆိုတိုင်တန်းချက်များကို ပြန်လည်ရုပ်သိမ်းပစ်ရန်အတွက်ကိုပါ ဖိအားပေးခြင်းများ ပြုလုပ်ခဲ့သည်။

၂၀၁၄ ခု မေလ ၂၈ ရက်နေ့တွင် စိုင်းတစ်ကုမ္ပဏီမှ နားဟိုင်းလုံနှင့်ဝိန်းမနော်ရွာများကိုယ်စား ပါလီမန်ထံ ပို့စာအား ရေးသားခဲ့သည်။ ယင်းတင်သွင်းစာအတွင်း ကုမ္ပဏီများမှ ၎င်းဒေသခံရွာသူရွာသားများအား ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့များနှင့် နှစ်စဉ်လျော်ကြေးငွေများကိုလည်း ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ရွာသားများမှ ၂၀၁၄ ခုနှစ်က ၎င်းတို့တင်သွင်းပေးပို့ထားသော တိုင်ကြားစာကို ပြန်လည်ရုပ်သိမ်းလိုကြောင်းနှင့် စိုင်းတစ်နှင့်လွိုင်ခမ်းကုမ္ပဏီတို့အား ရွှေတူးဖော်ရေးလုပ်ငန်းများဆက်လက်လုပ်ကိုင်စေရန် ထည့်သွင်းရေးသားထားသည်။ ယင်းတောင်းခံစာကို ကုမ္ပဏီမှ ဒေသခံများထံ ယူဆောင်လာပြီး ယင်းတောင်းခံစာအောက်တွင် လက်မှတ်ထိုးမှ ဆက်လက်၍ လျော်ကြေးများကိုပေးသွားမည်ဖြစ်ကြောင်းပြောသည်။ သို့သော် ယင်းတောင်းခံစာအောက်၌ မည်သူတစ်ဦးတစ်ယောက်မျှ လက်မှတ်မရေးထိုးခဲ့ပေ။

# ကျွန်ုပ်တို့၏ တောင်းဆိုချက်များ

ကျွန်ုပ်တို့ရှမ်းတောင်သူလယ်သမားများကွန်ရက်မှ အောက်ပါတောင်းဆိုချက်များကို သမ္မတကြီး ဦးသိန်းစိန်၊ ရှမ်းပြည်နယ်ပါလီမန်၊ (ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ) ရှမ်းပြည်နယ် သစ်တောနှင့် သတ္တုဝန်ကြီး ဦးစိုင်းအိုက်ပေါင်း၊ မိုင်းလင်းဒေသ အတွင်းရွှေတူးဖော်ရေး လုပ်ငန်းကို လုပ်ဆောင်နေ ကြသော ကုမ္ပဏီများအားလုံးထံသို့တောင်းဆိုလိုပါသည်။

၁။ မိုင်းလင်းရှိ ရွှေတူးဖော်ရေးလုပ်ငန်းစဉ်များအား ချက်ချင်းရပ်ဆိုင်းရန်၊ နယ်မြေအတွင်းရှိ စက်ယန္တရားများကို ပြန်လည်သိမ်းဆည်းရန်နှင့် ဝန်ထမ်းများအားလုံး ပြန်လည်ခေါ်ဆောင်သွားရန်။

၂။ နယ်မြေအတွင်းရှိ ပျက်စီးသွားသောရေချောင်းများနှင့် လယ်ယာမြေများအားလုံးကို ရွှေတူးဖော်ရေးလုပ်ငန်းစဉ်မစခင် နဂိုမူလအတိုင်းပြန်လည်ပြုပြင်ပေးရန်။

၃။ ရွှေတူးဖော်ရေးကြောင့် သက်ဆိုင်ရာကုမ္ပဏီများမှ ပျက်စီးဆုံးရှုံးမှုများကို နစ်နာကြေးအပြည့်အဝ ပြန်ပေးရန်။

သဘာဝအရင်းအမြစ်များကာကွယ်ဖို့ ကျွန်ုပ်တို့တောင်သူလယ်သမားများအားလုံး အတူတကွ ပူးပေါင်းစို့။




KOBELCO












ဆက်သွယ်ရန် –

နန်းလာ ဖုန်း + 95 -9492 -57194 (မြန်မာ)

စိုင်းနွမ် ဖုန်း + 95 -9250- 841 617 (ရှမ်း)